# ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်

သန်းထွေးအောင်*

## စာတမ်းအကျဉ်း

ဤသုတေသနစာတမ်းသည် မြန်မာစာပေနယ်ပယ်မှ စာဆိုစလေဦးပုည၏ ဝိဇယ ပြဇာတ်မှ အာလုပ် စကားများ၏စွမ်းရည်ကို လေ့လာဖော်ထုတ်သော စာတမ်းဖြစ် သည်။ ဝိဇယပြဇာတ်မှ အာလုပ်စကားများ ၏ စွမ်းရည်ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် လေ့လာခဲ့ပါသည်။ လေ့လာရာ၌ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်က ၁၉၇၁–ခုနှစ်တွင် စတုတ္ထအကြိမ် ထုတ်ဝေသော ဝိဇယ ပြဇာတ်စာအုပ်ကို အလေ့လာခံအဖြစ် ထားရှိပါသည်။ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏ အကြောင်းအရာပိုင်းကို စာပေရှုထောင့်မှ စိတ်ဖြာ လေ့လာ တင်ပြထားသည်။ ပြဇာတ်၏ ဝေါဟာရ၊ ရှေးခေတ်မြန်မာပြဇာတ် များ၏ ယေဘုယျလက္ခဏာများနှင့် အာလုပ်စကားဟူသည်ကို ရှေးဦးစွာ ရှင်းလင်း ဖွင့်ဆိုပါသည်။ ထို့နောက်တွင် စာဆို၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖော်ပြ၍ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်ကို ထုတ်ဖော် သုံးသပ် တင်ပြထားပါသည်။ဤသို့ဖြင့် ဝိဇယပြဇာတ်မှ အာလုပ်စကားများ ၏ စွမ်းရည်မှာ ထင်ရှားပေါ်လွင်လာပြီး အာလုပ်စကား လေ့လာလိုသူများ အတွက် အထောက်အကူအကျိုးပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

သော့ချက်ဝေါဟာရများ။ အာလုပ်စကား၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ စရိုက်သဘာဝ၊ ဂုဏ်ရည်၊ လောက၊ ဓမ္မ၊ ရာဇ၊ အကြားအမြင်။

## နိဒါန်း

ဝိဇယပြဇာတ်သည် ကုန်းဘောင်ခေတ်နှောင်း မြန်မာပြဇာတ်တစ်ပုဒ် ဖြစ်သည်။ ရှေးခေတ်မြန်မာပြဇာတ် များကို လေ့လာရာတွင် ဇာတ်ဆောင်စရိုက်၊ ဇာတ်လမ်းဆင်ပုံ၊ ကာလ/ဒေသနောက်ခံဝန်းကျင်၊ အာလုပ် စကားများ၊ ဆိုင်းဆင့်ပတ်တိုက်စကားများ၊ ဇာတ်ချင်းများဟူ၍ ပိုင်းခြားလေ့လာကြသည်။ ပြဇာတ်အာလုပ်စကားများသည် ရှေးခေတ်မြန်မာပြဇာတ်များတွင် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သောကြောင့် အာလုပ်စကားများရှုထောင့်မှ ထုတ်ဖော်လေ့လာရန် သင့်လျော်သည်ဟု ယူဆ သတ်မှတ်ကာ ချဉ်းကပ်လေ့လာခဲ့ပါသည်။

လေ့လာသောအခါ "ပြဇာတ်ဟူသည် မည်သည့်စာပေအမျိုးအစား ဖြစ်သနည်း။ ရှေးခေတ်မြန်မာ ပြဇာတ်တို့၏ ယေဘုယျလက္ခဏာများမှာ အဘယ်နည်း။ ရှေးခေတ်မြန်မာ ပြဇာတ်တို့တွင် ထည့်သွင်းရေးဖွဲ့သော အာလုပ်စကားဟူသည် အဘယ်နည်း။ အာလုပ်စကားများသည် ပြဇာတ်ကို မည်သို့ အထောက်အကူပြုသနည်း။ အာလုပ်စကားများကြောင့် ပြဇာတ်၏ ဇာတ်ဆောင်များနှင့် ဇာတ်လမ်းမှာ မည်သို့ ပိုမိုထူးခြား လာသနည်း။"ဟူသည့် သုတေသန မေးခွန်းများကို ဤစာတမ်းတွင် ရှင်းလင်းထုတ်ဖော်ထား ပါသည်။

ထို့ကြောင့် ဤသုတေသနစာတမ်းတွင် သုခမုတ်စု၊ မြန်မာအဘိဓာန်၊ ပါဠိအဘိဓာန်များကို ဝေါဟာရဖွင့်ဆိုရာတွင် အထောက်အကိုးပြုထားသည်။ ပြဇာတ်အညွှန်း၊ ပြဇာတ်ကထာ၊ ပြဇာတ်

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

စာပေသမိုင်း၊ ပြဇာတ်နှင့် ပြဇာတ်စာပေစာတမ်း၊ ပြဇာတ်သဘောတရားစာအုပ်များကို အထောက်အကိုးပြု လေ့လာထားပါသည်။ စာဆို၏ အတ္ထုပ္ပတ္တိအတွက် ဆရာမောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိစာအုပ်ကို အထောက်အထား ရယူခဲ့ပါသည်။

လေ့လာသောနည်းစနစ်မှာ စာပေသဘောတရားလေ့လာရေး ရှုထောင့်မှ ချဉ်းကပ်လျက် ပြဇာတ်အင်္ဂါရပ်၊ ပြဇာတ်သဘောတရားများနှင့် ချိန်ထိုးလေ့လာ သုံးသပ်တင်ပြထားကြောင်း ဦးစွာတင်ပြလိုပါသည်။

စာဆို စလေဦးပုညသည် သီဟိုဠ်မဟာဝင်ကျမ်းလာ သီဟဗာဟုဇာတ်မှအခြေခံ၍ ဝိဇယပြဇာတ်ကို ရေးသားခဲ့ရာ[၁] မင်းတုန်းမင်းတရားကြီး၏ သားတော်အချို့ဆိုးသွမ်းနေမှုကို မင်းတရား ကြီးသိစေရန် ရည်ရွယ်လေသည်။ ဝိဇယပြဇာတ်မှဇာတ်ဆောင်များ ပြောဆိုကြသော အာလုပ်စကား များသည်ဇာတ်လမ်းအခြေအနေနှင့် ဇာတ်ဆောင်တို့၏ စရိုက်ကို များစွာအထောက်အကူပြုကာ နှစ်သက်စွဲမက်ဖွယ် ဖြစ်လာသည်။ ထိုသို့ ဝိဇယပြဇာတမှ ဇာတ်ဆောင်တို့၏ ဂုဏ်ရည်၊ လူ့ စရိုက်သဘာဝများနှင့် စာဆို၏ အကြားအမြင်နှံ့စပ်မှုကို ထူးခြားပေါ်လွင်စေသော အာလုပ်စကားများကို ထုတ်နုတ်၍ လေ့လာသုံးသပ် တင်ပြထားပါသည်။

## ၁။ ပြဇာတ်ဝေါဟာရ

'ပြဇာတ်'ဟူသောဝေါဟာရသည် မြန်မာနှင့် ပါဠိယှဉ်တွဲသုံးနှုန်းထားသော ဝေါဟာရဖြစ်သည်။ 'ပြသခြင်း' အနက်ရသည့် 'ပြ'ဟူသောစကားနှင့်'အဖြစ်' အနက်ရသည့် ပါဠိဘာသာ'ဇာတက'က 'ဇာတ်'ဟု မြန်မာမှုပြုထားသည်။

မြန်မာအဘိဓာန်တွင်

> ပြဇာတ်၊ န-၁။ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သောစာပေ။၂။
> ယင်းဇာတ်ကို သရုပ်ဆောင် ကပြသောပွဲ။[၂]

ဟု ဖွင့်ဆိုထားသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်

> ၁။ ဇာတ်လမ်းဇာတ်ကွက်တစ်စုံတစ်ရာကို လင်္ကာစပ်စကားပြေဖြင့်ဖြစ်စေ၊
> အပြန်အလှန်ပြောခန်းများဖြင့်ဖြစ်စေ ရေးဖွဲ့သော စာပေအဖွဲ့အနွဲ့။
> ၂။ ယင်းအဖွဲ့အနွဲ့တစ်မျိုးမျိုးကို သရုပ်ဆောင်ပြသသော ပွဲလမ်းတစ်မျိုး။[၃]

ဟူ၍ ဖော်ပြထားသည်။

ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က

> 'ပြ'ဆိုသောစကားမှာ မြန်မာစကားဖြစ်၍၊ 'ဇာတ်'ဟူသောစကားမှာပါဠိ'ဇာတက'
> ဆိုသောစကားမှ ပျက်လာသောစကားဖြစ်သည်။ ဤစကားနှစ်လုံးကိုပေါင်း၍
> ပြဇာတ်ဟုခေါ်သည်။[၄]

ဟု'ပြဇာတ်နှင့် ပြဇာတ်စာပေစာတမ်း'တွင် မိန့်ဆိုခဲ့ပါသည်။

ဤတွင် 'ပြဇာတ်'သည် ပြခြင်းဟူသည့် သဘောသဘာဝနှင့်ခံစားရှုကြည့်ခြင်းဟူသည့် သဘောသဘာဝများ တွဲဖက်ပါဝင်နေသည်။ သို့ဖြစ်ရာ 'ပြဇာတ်'ဝေါဟာရ၏ အနက်ကို

---

[၁] တင်ထွေး၊ ၁၉၉၁၊ တ။
[၂] မြန်မာစာအဖွဲ့၊၂၀၀၈၊ ၂၃၂။
[၃] -ယင်း-၊ ၁၉၇၉၊ ୬၄။
[၄] စာပေဗိမာန်အဖွဲ့၊၁၉၇၁၊ ၁-၂။

> တစ်စုံတစ်ခုသော အဖြစ်အပျက်ကို ကြည့်ရှုကြားနာသူတို့ သိမြင်ခံစား အတွေးပွားနိုင်စေရန် ဇာတ်ဆောင်များဖြင့် ဇာတ်လမ်းအရပြုမူပြောဆို သရုပ်ဖော်ရ သည့် ပွဲသဘင်တစ်မျိုးဖြစ်သည်။

ဟု ဖွင့်ဆိုနိုင်ပါသည်။

## ၂။ ရှေးခေတ်မြန်မာပြဇာတ်များ၏ ယေဘုယျလက္ခဏာများ

ရှေးခေတ်မြန်မာပြဇာတ်များ၏ ယေဘုယျလက္ခဏာများမှာ ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်၊ ဒဏ္ဍာရီ ဇာတ်လမ်းများကို အခြေခံထားခြင်း၊ မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးမတ် စစ်သူကြီးစသော ထီးနန်းဝန်းကျင် ဇာတ်ဆောင်များ ပါဝင်လေ့ရှိခြင်း၊ သိကြား၊ နတ်၊ နဂါး၊ ဘီလူး၊ မြင်းပျံစသော သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များ ပါဝင်ခြင်း၊ ဇာတ်စကား များကို လင်္ကာသွားဖြင့် စီကုံးရေးသား၍ ဗဟုသုတအဆုံးအမများစွာ ပါဝင်နေခြင်း၊ အာလုပ်စကား၊ ဆိုင်းဆင့်ပတ်တိုက် စကားများကို အမွှမ်းတင်ရေးဖွဲ့ဖော်ပြခြင်း၊ ဇာတ်ချင်းများ ပါဝင်ခြင်း၊ ကာလဒေသ ဝန်းကျင်အကြောင်းကို စကားတန်ဆာဆင်၍ သရုပ်ဖော်ခြင်းတို့ ဖြစ်ကြသည်။

## ၃။ အာလုပ်စကားဟူသည်

'အာလုပ်'စကားဟူသည် 'ပြောဆိုခြင်း၊ ခေါ်ခြင်း' အနက်ရှိသည့် ပါဠိဘာသာ'အာလပန'မှ လာ၍ [၁] ပြဇာတ်ပါ ဇာတ်ဆောင်အချင်းချင်း တစ်ဦးကို တစ်ဦးက ခေါ်ဝေါ်ပြောဆိုသောစကား ဖြစ်သည်။ ထိုသို့ ခေါ်ဝေါ်ရာတွင် ခေါ်ဆိုသူနှင့် ခေါ်ဆိုခံရသူ၏ ဆက်ဆံရေးအခြေအနေကို ပေါ်လွင်စေ သည့်အပြင် ခေါ်ဆိုသူ၏စရိုက်ကိုလည်းကောင်း၊ ခေါ်ဆိုခံရသူ၏ ဂုဏ်အရည်အချင်း ကိုလည်းကောင်း ထင်ရှားစေသည်။ ပြဇာတ်စာဆို၏ အကြားအမြင်နှံ့စပ်မှုကို ထွန်းပြကာ ဇာတ်လမ်းအခြေအနေ အတက်အကျကိုလည်း ပံ့ပိုးဖော်ဆောင်ပေးနိုင်သော စကားများဖြစ်ပါသည်။

## ၄။ စာဆို၏အတ္ထုပ္ပတ္တိအကျဉ်း

စာဆိုစလေဦးပုညသည် စလေမြို့သူကြီးမျိုး အဖဦးမြတ်စံ၊ အမိဒေါ်လုရင်တို့မှ သက္ကရာဇ် ၁၁၇၄ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သူ ဖြစ်သည်။ [၂] ငယ်မည် မောင်ပုတ်စည် ဟုခေါ်တွင်၍ တူမောင်းဆရာတော်၊ ဗန်းမော်ဆရာတော်တို့ထံ 'ရှင်ပုည'ဘွဲ့ဖြင့် ရှင်သာမဏေ ပြုခဲ့သည်။ [၃] ရှင်သာမဏေအဖြစ်မှ လူ့ဘောင်သို့ဝင်ကာ ကနောင်မင်းသားထံ ခစားခဲ့သည်။ လင်္ကာ၊ တေးထပ်၊ မေတ္တာစာ၊ တရားဟောစာ၊ ဒုံးချင်း၊ ဗေဒင်ဟောကိန်းရကန်၊ ယိုးဒယားနိုင်မော်ကွန်း၊ ရတနာနဒီမြစ်တော်ဘွဲ့မော်ကွန်းများရေးဖွဲ့ခဲ့သည်။ [၄] ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ကောသလ ပြဇာတ်၊ မဟော်ပြဇာတ [၅] ၊ဝိဇယပြဇာတ်၊ ဂင်္ဂါမာလ(ရေသည်)ပြဇာတ်၊ ဝါသုဒေဝပြဇာတ် [၆] များကို ရေးသားခဲ့ပါသည်။ မင်းတုန်းမင်းကြီးထံတွင် မင်းတုန်းမင်းကြီးထံတွင် လက်ဖက်ရည်တော်ရွာစည်ရွာစား 'မင်းလှသခ်ယာ'ဘွဲ့ဖြင့်

---

[၁]ဟုတ်စိန်၊ ဦး၊ ၁၉၉၉၊ ၁၇၈။
[၂] သုတ၊မောင်၊ ၂၀၀၁၊ ၂၃၃
[၃]–ယင်း–။
[၄]–ယင်း–၊ ၂၀၀၁၊ ၂၃၅။
[၅]အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၂၀၊ ၁၆။
[၆]သုတ၊ မောင်၊ ၂၀၀၁၊ ၂၃၅။

အမှုထမ်းခစားခဲ့သည်။ သက္ကရာဇ် ၁၂၂၈ ခုနှစ် မြင်ကွန်း၊မြင်းခုံတိုင်အရေးအခင်းတွင် ပါဝင်ပတ်သက်မှုဖြင့် မြို့ဝန်ဦးသာအိုးထံ အကျယ်ချုပ်ကျနေစဉ် အဆုံးစီရင်ခံခဲ့ရသည်။[၁]

စာဆိုစလေဦးပုညသည် ဝိဇယပြဇာတ်ဖြင့် မင်းကောင်းမင်းမြတ်တို့ လိုက်နာဖွယ် မင်းကျင့်တရားများ၊ မင်းညီမင်းသားတို့ ထားရှိရမည့် ခံယူချက်တို့ကို ထင်ရှားစေခဲ့သည်။ လောကလူ့သဘာဝတို့ကိုလည်း ထင်ဟပ်ဖော်ပြနိုင်ခဲ့ပေသည်။

## ၅။ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်

ပြဇာတ်ပါ အာလုပ်စကားများသည် ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောဆိုသောအခါတွင် ရှေးဦးစွာဖော်ပြလေ့ရှိသောကြောင့် ဇာတ်လမ်းအတက်အကျနှင့် ဇာတ်ဆောင်စရိုက်ဖော်ရာတွင် အလွန်အရေးပါသည်။ ဝိဇယပြဇာတ်မှ ဇာတ်ဆောင်တို့၏ ဂုဏ်ရည်နှင့် စရိုက်သဘာဝများ ထူးခြားထင်ရှားစွာ ပေါ်လွင်စေသော အာလုပ်စကားများကို လေ့လာကြည့်နိုင်သည်။

ဝိဇယမင်းသားသည် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံမည့်သူ၊ အစွမ်းအစထက်မြက်သူ၊ နှစ်သက်ဖွယ်အဆင်းရှိသူ၊ ဖခင်က ရှုမငြီးအောင် ချစ်ခင်မြတ်နိုးရသူဟူသည့် ဂုဏ်ရည်များ ထင်ရှားလာစေသည့် အာလုပ်စကားများ အဖြစ် ခမည်းတော် သီဟဗာဟုမင်းကြီးက ခေါ်သော အာလုပ်စကားများတွင် တွေ့ရသည်။ ဝဇယမင်းသားအား ညီလာခံတွင် တွေ့ဆုံရာ၌

> ဇမ္ဗူဒိပ်ထက်၊ ဖြူရိပ်ဖြန့်ကြက်၊ ခတ်သိုက်အလာ၊ ဘရိုက်ရာကို၊
> စိုက်ကာဆက်မယ့်၊ ထွန်းတက်ဘုန်းရောင်၊ မျက်စိန်ပြကတော့၊ စက်ရှိန်ဇော့တဲ့၊
> အိမ်ရှေ့မောင်[၂]

ဟုလည်းကောင်း၊

> ယုဂန်နန်းနှင့်၊ တာလှမ်းချင့်၊ စန်းငွေပွင့်ရုံ၊ ပမာနှိုင်းဆ၊ ရှုတင်းလှပေတဲ့၊
> ဘကြေးမုံ[၃]

ဟုလည်းကောင်း ခမည်းတော်သဟဗာဟုမင်းကြီးက အမြတ်တနိုးခေါ်ခဲ့သည်။ တစ်ဖန် ဝိဇယမင်းသားသည် မွေးမယ်တော်အတွက် အသက်တမျှ ချစ်ခင်ရသူ၊ ရွှေဒါလီလည်ဆွဲကဲ့သို့ တန်ဖိုးထားမြတ်နိုးရသူ၊ ပျိုမျစ်တင့်တယ်ချစ်စဖွယ်အဆင်းရှိသူဟူသည့် ဂုဏ်ရည်များကို မယ်တော် သီဟသီဝလိဒေဝီမိဖုရားကြီးက ခေါ်သော အာလုပ်စကားများတွင်

> မယ်မယ့်သက်မျှ၊ ချစ်မဝ၊ ဝိဇယဘုန်းခေါင်၊ နာရဏီစစ်၊ ရွှေဒါလီရစ်ပါတဲ့
> သားချစ်မောင်”[၄]

ဟုလည်းကောင်း

> ကြည်စဖွယ်တင့်၊ ရွယ်သင့်သင့်၊ ကြယ်တစ်ပွင့်ရောင်၊ ပင်ဇမ္ဗူမှဲ့၊ ယဉ်မူနွဲ့တဲ့၊
> မယ့်သည်းခေါင်”[၅]

ဟုလည်းကောင်း ပေါ်လွင်အောင် လိုက်ဖက်လှပသော စကားသုံးများဖြင့် ရေးသားထားသည်။ အဆိုပါ အာလုပ်စကားများသည် ထိုနန်းဇာတ်ဆောင်များနှင့် လိုက်ဖက်သည့်နည်းတူ မိဘမေတ္တာကိုလည်း ထင်ရှားမြင်သာစေသော စကားများ ဖြစ်ကြသည်။ ဝိဇယမင်းသားသည် အပေါင်းအသင်းမှား၍ တိုင်းပြည်လူထုအပေါ် အနိုင်အထက် ပြုမူဆိုးသွမ်းမိခဲ့သော်လည်း မိဘအပေါ် ရိုသေလေးစားတတ်သူ ဖြစ်သည်။ မင်းသားက ခမည်းတော်ကို လျှောက်တင်သော အာလုပ်စကားများတွင်

---

[၁] –ယင်း–၊ ၂၀၀၁၊ ၂၃၅။
[၂] ပုည၊ ဦး၊ ၁၉၇၁၊ ၂–၃။
[၃] –ယင်း–၊ ၁၁။
[၄] –ယင်း–၊ ၆။
[၅] –ယင်း–၊ ၁၂။

ကမလာပွင့်၊ ကြာပလ္လင့်ထက်၊ မဟာဝင့်နောင်၊ ဗြဟ္မာ့တန္ခန်း၊ ဘဝကျုံးပေမဲ့၊
ဘဘုန်းခေါင် ဘုရား[၁]

ဟုလည်းကောင်း၊

ထောင်ခြည်မောင်းရင့်၊ ဗွေကောင်းကင့်ထက်၊ ဒေါင်းမင်းမိတ်နွယ်၊
တေဇာကြီးလှ၊ ရာထီးခပေတဲ့၊ ဘဘုန်းကြွယ်ဘုရား[၂]

ဟုလည်းကောင်းတွေ့နိုင်သည်။ ခမည်းတော် သီဟဗာဟုမင်းကြီးကို ကမလာသနကြာပလ္လင်ထက်တွင် စံမြန်းသော ဗြဟ္မာမင်းကြီးတမျှ ဘုန်းတန်ခိုးကြီးကျယ် မြင့်မြတ်သူ၊ ဒေါင်းမင်းတံဆိပ်ခပ်နှိပ်ထားသည့် သူရိယနေမင်းကြီး၏ ချစ်မြတ်နိုးသောအနွယ်မှ ဆင်းသက်လာသော တန်ခိုးတေဇာကြီးသူ၊ တစ်ရာ သော ထီးဆောင်းမင်းအပေါင်းက ပျပ်ဝပ်ခစားကြရသော ဘုန်းကြီးသူဟု ဂုဏ်တင်ချီးမြှောက် ထားပေသည်။ သူ့အား ကြီးလေးသော အပြစ်ဒဏ်ပေးသည့် ခမည်းတော်ကိုပင် ငြိုးစူအမျက်ထားခြင်း မရှိဘဲ ချစ်ခင်လေးစားမှုမပျက်သည့် ဝိဇယမင်းသား၏ သားလိမ္မာစရိုက်ကို ပေါ်လွင်စေသော အာလုပ်စကားများ ဖြစ်သည်။ ထို့အတူ ဝိဇယမင်းသားက မယ်တော်အား လျှောက်တင်သော အာလုပ်စကားများကို

မြေပထဗျာ၊ ငွေအာကာနှင့် သေလာဂီရိ၊ တောင်များအမျှ မကကျူး၊
ကျေးဇူးတော်ရှိပေတဲ့၊ မွေးမိဘုန်းဘုန်းဆွေဘုရား[၃]

ဟုလည်းကောင်း၊

ကြာလှုံ့ခလေ့၊ ဘုံရဝေ့ထက်၊ ဂုဏ်သရေ့ရှင်၊ ရွှေရင်ပိုက်ထွေး၊
ချိုမြိုက်ရည်ကျွေးပေတဲ့၊ မွေးမိခင်ဘုရား[၄]

ဟုလည်းကောင်း ဖွဲ့ဆို၍ မယ်တော်မိဖုရားကြီး၏ မြတ်မိခင်ဂုဏ်ရည်နှင့် မယ်တော့်အပေါ် မြတ်နိုးလေးစားသော ဝိဇယမင်းသား၏ သားလိမ္မာစရိုက်ကို ထင်ရှားစေခဲ့သည်။

တစ်ဖန် မိဖုရားက မင်းကြီးကို လျှောက်တင်သော အာလုပ်စကားကို ပြဇာတ်တွင်

မြပိတုန်းကေ၊ ဂမုန်းခွေမှာ၊ သုံးရွှေကြော့ရင်၊ နဝရတ်ကုံး၊ အမြတသုံးမို့၊
ချပရုံးဆင်၊ ထိပ်တင်နေမင်းဆွေဘုရား[၅]

ဟု တွေ့ရသည်။ နေမင်း၏ အမျိုးအဆွေမှဆင်းသက်လာသူဖြစ်သော မင်းကြီး၏ ဂုဏ်ရည်နှင့် မင်းကြီးအပေါ် မြတ်နိုးလေးစား တန်ဖိုးထားသော မိဖုရား၏ စရိုက်ကို ပေါ်လွင်စေသော အာလုပ်စကားများ ဖြစ်ပေသည်။ မင်းကြီးကလည်း မိဖုရားကြီးကို

ဘမရာထိပ်၊ ညာတံဆိပ်မှာ၊ ကြာရိပ်ကြီးလယ်၊ မဆုံးသရွေ့၊ မုန်းမမေ့တဲ့၊
ဘုန်းဟော့မယ်[၆]

ဟု ပြန်လည် မိန့်ဆိုခဲ့သည်။ မိဖုရားကြီးအပေါ် ချစ်မြတ်နိုးတွယ်တာလှသော မင်းကြီး၏ စရိုက်နှင့် မိဖုရား၏ ဂုဏ်ရည်တို့ ထင်ရှားနေသော အာလုပ်စကားများ ဖြစ်ပါသည်။

ပြဇာတ်တွင် မင်းကြီးနှင့် မိဖုရားတို့က ဝန်တို့ကို ခေါ်သော အာလုပ်စကားများတွင် ဝန်တို့၏ ဂုဏ်ရည်နှင့် ပညာရှိကို အလေးထားသော မင်းကြီးနှင့် မိဖုရားတို့၏ စရိုက်များ ပေါ်လွင်နေပေသည်။ ညီလာခံတွင် ပြည်သူတို့ စုရုံးဟစ်ကြွေးရခြင်းကိစ္စအတွက် မင်းကြီးက ဝန်တို့အား မေးမြန်းရာတွင်

တောင်မြင်းသီလာ၊ လိုဏ်ဂူဟာနှင့်၊ ကေသရာမျှး၊ သက်ဆုံးမရှုံ့၊
လက်ရုံးကွန့်၍၊ ရန်ညွန့်ဖူး၊ လေးဦးစံလွန်၊ မတ်ကြီးဝန်တို့[၇]

---

[၁]–ယင်း–၊ ၃။
[၂]ပုည၊ ဦး၊ ၁၉၇၁၊ ၁၀။
[၃]–ယင်း–၊ ၇။
[၄]–ယင်း–၊ ၁၂။
[၅]–ယင်း–၊ ၅။
[၆]–ယင်း–၊ ၅။
[၇]–ယင်း–၊ ၂။

ဟုလည်းကောင်း၊ ဝိဇယမင်းသားကို ပင်လယ်သို့ မျှောရန် အမိန့်ချသည့်အခါ

လူကြီးအင်္ဂါ၊ စုံလင်စွာနှင့်၊ ပညာဝရဇိန်၊ ပြည်သူလေးမြတ်၊ အရေးတတ်သည့်၊
မတ်ကဝိန်တို့[၁]

ဟုလည်းကောင်း မိန့်ဆိုခဲ့သည်။ မိဖုရားကြီးကလည်း သားတော်ဝိဇယမင်းသား အပြစ်ဒဏ် လျှော့ပေါ့ရေးအတွက် ဝန်တို့ကို တိုက်တွန်းပြောဆိုရာတွင်

သမ္မာဆုံးဆ၊ နူန်းမမျှသည့်၊ ဘုန်းဘုရားရဲဘော်၊ အရည်အချင်း၊
မြတ်သတင်းနှင့်၊ မတ်မင်းကျော်တို့ရှင်[၂]

ဟူ၍ မိန့်ဆိုခဲ့သည်။ ခြသေ့်မင်းကဲ့သို့ ရဲရင့်သောသူများ၊ မြော်မြင်စီမံတတ်သောသူများ၊ မြင့်မြတ်သော အရည်အချင်းရှိသောသူများဟူသည့် ဝန်ကြီးများ၏ ဂုဏ်ရည်များ ထင်ရှားစေသော အာလုပ်စကားများ ဖြစ်ပေသည်။

စာဆိုသည် အဆိုပါသာဓကများအတိုင်း ထီးနန်းဇာတ်ဆောင်များနှင့် လိုက်ဖက်သော အာလုပ်စကားများကို ရေးသားဖွဲ့ဆိုခဲ့သည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။ စလေဦးပုညသည် လောကကို သရော်တတ်သော အမြင်ရှိသူလည်း ဖြစ်ပေရာ လင်္ကာဒီပကျွန်းသို့ ရောက်သည့်အခါ ဝိဇယမင်းသားက အတူပါကျေးကျွန်များကို ခေါ်သော အာလုပ်စကားများတွင် ခနဲ့ဟန်ပြု၍ ဖွဲ့ဆိုထားသည်။ အရှင်သခင်က မြှောက်စား၍ နေမျိုးဘွဲ့၊ ပျံချီဘွဲ့များရထားသော်လည်း ငယ်စဉ်က အကျင်ဆိုးခဲ့သူများ ရှိကြောင်း သိသာစေရန်

ငယ်မည်ပေတိုး၊ ဘွဲ့နေမျိုးနှင်၊ ဆိုးငယ်မည်၊ ဘွဲ့ပျံချီရို့[၃]

ဟုထုတ်ဖော်ထားသည်။ ဘီလူးမ မယ်ကုဝဏ်က ဘီလူးကျွန်မ မိဒက္ခကို ခိုင်းစေသော အာလုပ် စကားများတွင်

စက္ကဝါမဆံ့၊ ဒလက်ချာနှံ့နိုင်တဲ့၊ ပျံ့လေဗွေမ၊ မာယာ ဗလချို၊ ကံမရှိတဲ့
မိဒက္ခ[၄]

ဟုလည်းကောင်း

စိုင်းခုန်မတတ်၊ တိုင်းတန်အောင် ရှုပ်နိုင်တဲ့ မယ်ဖြတ်စ[၅]

ဟုလည်းကောင်း ရေးဖွဲ့ထားပုံအရ မယ်ကုဝဏ်၏ ကြမ်းတမ်းမောက်မာသောစရိုက်နှင့် ဒလက်ကဲ့သို့ လေပွေလေရူးကဲ့သို့ အရပ်တကာလည်ပတ်သူ၊ အညံ့စားမာယာဖြင့် ပြည်ရွာတုန်လှုပ်စေသူ ဟူသော မိဒက္ခ၏ အရည်အချင်းများကို ကောင်းစွာ အကဲခတ်သိမြင်နိုင်သည်။

ဝိဇယမင်းသားနှင့် ဘီလူးမမယ်ကုဝဏ်တွေ့ခန်းတွင် မင်းသားက ဘီလူးမဖြစ်မှန်း ရိပ်စားမိသဖြင့် ဘိက္ခုနီအသွင်ဆောင်ထားသော ဘီလူးမကို

ဘိက္ခုနီယောင်၊ မာယာဆောင်၊ ကြောင်သီလနယ်၊ အရင်းမထုတ်၊
စီးပွားလုပ်တဲ့ ၊ ပခြုပ်သယ်၊ ကွေ့လည်ကြောင်ပတ်၊ လူတကာက
တဏှာရစ်ထွေး၊ ကြက်လို့သွေး၊ ခွေးလိုဟပ်တဲ့၊ ယုတ်ပတ်ညစ်ညူး၊ ဟတ္ထနီမ၊
ကျမ်းညီလုတဲ့၊ လင်တရူး[၆]

ဟု ခေါ်ဝေါ်ကြမ်းမောင်းသော အာလုပ်စကားအရ မင်းသား၏ မညာမတာပြောဆိုတတ်သော စရိုက်နှင့် ဘီလူးမ၏ သွေးဆောင်ဖြားယောင်းတတ်သော အရည်အချင်းများမှာ ထင်ရှားလှသည်။ ထို့ပြင် ဘီလူးမဖြစ်ကြောင်းသိပြီးနောက် ဝိဇယမင်းသားက မယ်ကုဝဏ်သို့

သတ္တဝါကို၊ မေတ္တာမမျှ၊ တစ်ကောငလုံးဝါး၊ အစိမ်းစားတဲ့ ကျားနှမ[၇]

---

[၁]–ယင်း–၊ ၉။
[၂]ပုည၊ ဦး၊ ၁၉၇၁၊ ၇။
[၃]–ယင်း–၊ ၁၇။
[၄]–ယင်း–၊ ၂၅။
[၅]–ယင်း–၊ ၂၇။
[၆]–ယင်း–၊ ၃၁။
[၇]–ယင်း–၊ ၃၂။

ဟုလည်းကောင်း၊

သင်းချိုင်းသုသာန်၊ တောရပ်ဌာန်ကို၊ ဖိမာန်ပြုရ၊ တောင်ပို့ချုံရိပ၊
တွင်းအောင်းအိပ်တဲ့၊ ပြိတ္တာမ[၁]

ဟုလည်းကောင်း ခေါ်ဝေါ်ပြောဆိုသော အာလုပ်စကားများတွင် ဝိဇယမင်းသား၏ ဖိနှိပ်ပြောဆိုတတ်သောစရိုက်နှင့် ဘီလူးမ၏ စက်ဆုပ်ဖွယ် အခြင်းအရာများ ပေါ်လွင်နေပေသည်။

ပြဇာတ်၏ ဇာတ်လမ်းအရ လင်္ကာဒီပကျွန်းကို မင်းသားသိမ်းပိုက်နိုင်ရန် လမ်းပြကူညီမည်ဟု ဘီလူးမက တိုင်တည်သစ္စာဆိုပြီးနောက် ဝိဇယမင်းသားသည် ဘီလူးမအပေါ်တွင် အခေါ် အဝေါ်ပြောင်းလဲလာသည်။ ဆက်လက်၍ ဘီလူးမက ချောမောလှပသော လူမင်းသမီးအသွင် ဖန်ဆင်းပြသောအခါ ဝိဇယမင်းသားမှာ ဘီလူးမအပေါ် တိမ်းညွတ်တပ်မက်ပြန်လေသည်။ ဤသို့ အထင်အမြင်ပြောင်းလသောအခါ ဝိဇယမင်းသား၏ အခေါ်အပြောပါ ပြောင်းလဲလာပုံကို

ကုဝဏ္ဏာဟု၊ သညာဘွဲ့ရ၊ လင်္ကာကျွန်းလယ်၊ တန်ခိုးကြယ်တဲ့၊ မယ်ယက္ခ[၂]

ဟုလည်းကောင်း၊

မာလာငွေဖော့၊ ခွေလျော့လျော့၊ ကြွေတော့မဲ့ပုံ၊ နုကသိုဏ်းကျ၊ ရှုတိုင်းလှတဲ့၊
မြကြေးမုံ[၃]

ဟုလည်းကောင်း သဘာဝကျသောအာလုပ်စကားများဖြင့် စာဆိုက မြင်သာထင်ရှားစေခဲ့သည်။ ဝိဇယမင်းသား၏ လူ့သဘာဝပီသသောစရိုက်နှင့်ဘီလူးမ၏ စွမ်းဆောင်နိုင်သော ဂုဏ်ရည်များကို ဖော်ကျူးနိုင်သည့် အာလုပ်စကားများပင် ဖြစ်ပေသည်။

စာဆိုသည် အာလုပ်စကားများကို ဖော်ကျူးရာတွင် ဇာတ်လမ်းအခြေအနေ၊ ဇာတ်ဆောင်တို့၏ စရိုက်များ၊ ဇာတ်ဆောင်တို့၏ ဂုဏ်ရည်များကို ထင်ဟပ်ပြီး ထိထိမိမိ ရေးဖွဲ့နိုင်ခဲ့သည်။ အာလုပ်စကားများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်၊ ဇာတ်ဆောင်အချင်းချင်း ဆက်ဆံရေးကို ပိုမိုထူးခြားပေါ်လွင်စေသည်သာမက စာဆို၏ အကြားအမြင်နှံ့စပ်မှုကိုလည်း ထင်ရှားစေပါသည်။ ဝိဇယမင်းသားကို အပြစ်ဒဏ်ပေးသော အခန်းတွင် မင်းကြီးက ဝန်တို့ကို

သစ္စံဓမ္မ၊ ဝီရိယနှင့်၊ စာဂစိတ်၊ အညီရှု၊ ပြည်ကြီးတမ်းခွန်၊ မဟာဝန်တို့[၄]

ဟု မိန့်ခေါ်လိုက်ပါသည်။ ဤအာလုပ်စကားသည် မှူးကြီးမတ်ရာသေနာပတိတို့၏ဂုဏ်ကို

သစ္စံ=မှန်ကန်သော စကားကို ပြောခြင်း။ ဓမ္မ=ကျင့်ဆောင်အပ်သော ကိုယ်ကျင့်တရား။ ဝီရိယ=အားထုတ်ခြင်းလုံ့လ။ စာဂ=စွန့်ကြဲခြင်း။[၅]

ဟူသည့် ကျမ်းဂန်လာ ရန်အောင်ခြင်းတရား(၄)ပါးနှင့် ပြည့်စုံသော ပညာရှိများဖြစ်ကြောင်း ထုတ်ဖော်ချီးမွမ်းရေးဖွဲ့ထားသော စာဆို၏ ဓမ္မရေးရာ အကြားအမြင်နှံ့စပ်မှုကိုဖော်ပြနိုင်သည့်အာလုပ်စကားပင် ဖြစ်ပါသည်။

ဘီလူးတို့၏ ရန်ကို အောင်မြင်ပြီးနောက် လင်္ကာဒီပကျွန်းတွင် နန်းတက်သော ဝိဇယမင်းက အမတ်တို့ကို ခေါ်ဆိုသော အာလုပ်စကားတွင်

မေရုရာဇိန်၊ တောင်နာဂန်သည်၊ အာလိန်ငါးဆင့်၊ ရံဝန်းတင့်သ၊
မင်းမင့်းမဟိန်၊ ငါနရိန်ကို၊ ဦးနှိမ်ညွတ်ချ၊ ညီလာခသည်၊ ပြည်မတန်ဆောင်၊
မတ်ရဲခေါင်တို့[၆]

---

[၁]–ယင်း–၊ ၃၃။
[၂]ပုည၊ ဦး၊ ၁၉၇၁၊ ၃၄။
[၃]–ယင်း–၊ ၃၅။
[၄]–ယင်း–၊ ၄။
[၅]ဘရင်၊ ဦး၊ ၁၉၅၀၊ ၁၁၄–၁၁၅။
[၆]ပုည၊ ဦး၊ ၁၉၇၁၊ ၄၃။

ဟူ၍ဖော်ပြထားသည်။ ဝိဇယမင်း၏ ဘုန်းတန်ခိုးကြီးမားပုံကို မေရုမြင်းမိုရ်တောင်ထိပ်ဖျားတွင် စံမြန်းသော သိကြားမင်းအား

(၁)ပထမအာလိန်၊ နဂါးတိုစောင့်သည်။ (၂) ဒုတိယအာလိန်၊ ဂဠုန်တို့စောင့်သည်။ (၃) တတိယအာလိန်၊ ကုမာန်တို့စောင့်သည်။ (၄) စတုတ္ထအာလိန်၊ ရက္ခိုသ်တို့စောင့်သည်။ (၅) ပဥ္စမအာလိန်၊ စတုမဟာရာဇ်နတ်ကြီးလေးပါးစောင့်သည်။[၁]

ဟူသည့် ကျမ်းဂန်လာ အာလိန်ငါးဆင့်ရှိ အစောင့်အရှောက်များက ကာကွယ်ပေးရပုံနှင့် ခိုင်းနှိုင်းဥပမာပေးထားပါသည်။ စာဆို၏ လောကရေးရာ အကြားအမြင်နှံ့စပ်မှုကို ထွန်းပြနေသော အာလုပ်စကား ဖြစ်ပေသည်။

ဝိဇယမင်းနှင့် လက်ဆက်ရန် လင်္ကာဒီပကျွန်းသို့ လိုက်ပါသွားရခါနီးတွင် မဒုရမင်းသမီးက ခမည်းတော်မဒုရမင်းကြီးအား

မေရုဗဟို၊ လေးရောင်စိုသည့်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးတ၊ ကျေးဇူးတော်ရှင်၊ ရွှေဘုန်းပပ၊ နေနှုန်းရတဲ့၊ မွေးဘခင်ဘုရား[၂]

ဟူသော အာလုပ်စကားဖြင့် နှုတ်ဆက်ကန်တော့ခဲ့သည်။ ဤအာလုပ်စကားအရ စာဆိုက

(၁) အရှေ့မျက်နှာ ငွေရောင်။ (၂) အနောက်မျက်နှာ ဖန်ရောင်။ (၃) တောင်မျက်နှာ ဣန္ဒနီလာမြရောင်။ (၄) မြောက်မျက်နှာ ရွှေရောင်။[၃]

ဟူသည့် ကျမ်းဂန်လာ အမှတ်အသားဖြစ်သော မြင်းမိုရ်တောင်၏ အရပ်လေးမျက်နှာတွင် အရောင်(၄)ပါး တောက်ပပုံကို သုတပေးထားခြင်းဖြစ်သည်။ တောင်တို့၏ အချက်အချာဖြစ်သော မြင်းမိုရ်တောင်၏ တင့်တယ်ခံ့ညားပုံကို သိမြင်လာရပေသည်။ စာဆို၏ လောကရေးရာ အကြားအမြင်နှံ့စပ်မှုကို ပေါ်လွင်စေသော အာလုပ်စကား ဖြစ်ပါသည်။

တစ်ဖန် လင်္ကာဒီပကျွန်းအတွက် ထီးနန်းဆက်ခံရန် မင်းလောင်းတောင်းခံသော အခန်းတွင် ဝိဇယမင်း၏ ညီတော်သုမိတ္တာမင်းက မှူးမတ်များကို

ဗလအပြား၊ အင်ငါးပါးတွင်၊ တစ်ပါးဝင်သည်၊ ပညာနှိုင်းချိန်၊ သုခမိန်တို့[၄]

ဟူ၍ အာလုပ်ပြုခေါ်ဆိုခဲ့သည်။ဗလငါးပါးဟူသည် မင်းတို့၏ ဗလငါးတန်ကို ဆိုလိုသည်။

(၁) ဗာဟုဗလ= လက်ရုံးအား။ (၂) ဘောဂဗလ= ဥစ္စာစည်းစိမ်အား။ (၃) အမစ္စဗလ= အမတ်ပညာရှိအား။ (၄) အဘိဇစ္စဗလ= အမျိုးမြတ်ခြင်းအား။ (၅) ပညာဗလ= ပညာအား[၅]

ဟူသည့် ကျမ်းဂန်လာစကားအရ ဘုရင်မင်းမြတ်တို့၏ အမစ္စဗလဖြစ်သော ပညာရှိသုခမိန် မှူးမတ်တို့ကို အမွှမ်းတင်ထားသည်။ စာဆို၏ ရာဇရေးရာ အကြားအမြင်နှံ့စပ်မှုကို သက်သေပြနေသော အာလုပ်စကား ဖြစ်ပေသည်။

ဝိဇယမင်းတောထွက်ခန်းတွင် ဝိဇယမင်းက ဝန်တို့ကို မိန့်ကြားသော အာလုပ်စကားကို

မဟော်နန္ဒိယ၊ သေနကကဲ့သို့၊ ရာဇရိပ်ခြည်၊ သိနားလည်ကြသည့်၊ ဥာဏ်ရည်ကဲလွန်၊ လက်ရုံးထိန်ညီး၊ စက်လောင်မီးသို့၊ မတ်ကြီးဝန်တို့[၆]

ဟု ဖွဲ့ဆိုထားသည်။ ဗုဒ္ဓဝင်ကျမ်းဂန်များအရမဟာနိပါတ်လာ ဘုရားလောင်း မဟောသဓာအမတ်[၇]၊ စတုက္ကနိပါတ် စူဠကလိင်္ဂဇာတ်လာ စစ်သူကြီးနန္ဒိသေနအမတ[၈]၊ သတ္တနိပါတ် သတ္တုဘဒ္ဒဇာတ်လာ

---

[၁]သုခ၊ ဦး၊ ၁၉၉၇၊ ၁၀၅။
[၂]ပုည၊ ဦး၊ ၁၉၇၁၊ ၄၉။
[၃]သုခ၊ ဦး၊ ၁၉၉၇၊ ၅၁။
[၄]ပုည၊ ဦး၊ ၁၉၇၁၊ ၆၆။
[၅]ဘရင်၊ ဦး၊ ၁၉၅၀၊ ၂၁၉။
[၆]ပုည၊ ဦး၊ ၁၉၇၁၊ ၆၉။
[၇]ဘရင်၊ ဦး၊ ၁၉၅၀၊ ၂၂၂။
[၈]-ယင်း-၊ ၂၂၃။

တရားဆံုးဖြတ်သော သေနကသုခမိန်အမတ် [၁] တို့နှင့် ပမာပြုကာ အမွှမ်းတင်ထားသောကြောင့် မင်းမှုရေးရာအဖြာဖြာနားလည်၍ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော ဝန်တို့၏ဂုဏ်ရည်ကို ထူးခြားပေါ်လွင်စေသည်။ စာဆို၏ ရာဇဓမ္မရေးရာ အကြားအမြင်နှံ့စပ်မှုကို ထင်ရှားစေသော အာလုပ်စကား ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

စာဆိုစလေဦးပုည၏ ဝိဇယပြဇာတ်မှ အာလုပ်စကားများကို ထုတ်ဖော်လေ့လာကြည့်သောအခါ စာဆိုသည် ဝိဇယပြဇာတ်တွင် ဇာတ်ဆောင်အချင်းချင်း ဆက်သွယ်မှုနှင့် ဇာတ်လမ်းအခြေအနေ အတက်အကျကို အာလုပ်စကားများဖြင့် ပံ့ပိုးပေးနိုင်ကြောင်း သုံးသပ်ရပါသည်။ ထို့အတူ ခေါ်ဆိုခံရသော ဇာတ်ဆောင်၏ ဂုဏ်အရည်အချင်းနှင့် ခေါ်ဆိုသူဇာတ်ဆောင်၏ စရိုက်သဘာဝကို ယုတ္တိရှိစွာ ဖော်ကျူးပေးနိုင်ပေသည်။ ဘုရင်နှင့် မိဖုရားတို့၏ အပြန်အလှန် အလေးထားချစ်ခင်မှု၊ မိဘနှင့် သား၊သမီးတို့ကြားမှ မေတ္တာတရားကိုလည်း အာလုပ်စကားများဖြင့် ပေါ်လွင်စေခဲ့သည်။ မတူညီသောအခြေအနေ၊ ရခဲသောအခွင့်အရေးနှင့် စောင့်ထိန်းရမည့် ထုံးတမ်းစဉ်လာတို့ပေါ်မူတည်၍ ခြားနားပြောင်းလဲတတ်သော လူ့သဘာဝများကိုလည်း အာလုပ်စကားများမှတစ်ဆင့် စာနာနားလည်လာစေသည်။ ထီးနန်းဝန်းကျင်ပဒေသရာဇ်ဇာတ်ဆောင်တို့၏ သရုပ်သကန်ကိုဝိဇယပြဇာတ်မှ အာလုပ်စကားများဖြင့်ပီပြင်ထင်ရှားအောင် ဖော်ဆောင်နိုင်ကြောင်း သုံးသပ်နိုင်ပါသည်။

စာဆိုစလေဦးပုညသည် ဆိုးသွမ်းနေသည့် မင်းသားအချို့ကို ပြုပြင်ဆုံးမရန်ဖြစ်သော မူလဦးတည်ချက်ကိုလည်း သိသာထင်ရှားအောင် ဝိဇယပြဇာတ်မှ အာလုပ်စကားများဖြင့် ထုတ်ဖော်နိုင်ခဲ့သည်။ ဝိဇယမင်းသားသည် အပေါင်းအသင်းမကောင်း၍ တစ်ကြိမ်တစ်ခါ မှားမိသော်လည်း ဘုန်းတန်ခိုးကြီးမြတ်သော မင်းဧကရာဇ်သားတော်ပီပီ ထက်မြက်သော ကိုယ်ပိုင်စွမ်းရည်ဖြင့် တိုင်းပြည်သစ်ထူထောင်နိုင်ပုံ၊ မင်းတို့၏ ထုံးတမ်းစဉ်လာကို အလေးထားကျင့်ဆောင်ပုံ၊ သာသနာကိုစောင့်ရှောက်ပုံ၊ မိဘကို ရိုသေလေးစားပုံတို့ကို အာလုပ်စကားများဖြင့် အတုယူဖွယ် ဖော်ပြထားသည်။ စာဆို၏ အကြားအမြင် နှံ့စပ်မှုကိုလည်း အာလုပ်စကားများက သက်သေထူနေသည်။ ဆင်ခြင်မှတ်သားဖွယ် လောက၊ ဓမ္မ၊ ရာဇရေးရာများကို အကြောင်းတိုက်ဆိုင်တိုင်း အာလုပ်စကားများဖြင့် တင်ပြထားသည်မှာ စိတ်ဝင်စားနှစ်သက်ဖွယ်ကောင်းလှပေသည်။ ထို့ကြောင့်လည်း စလေဦးပုည၏ ဝိဇယပြဇာတ်သည် ကုန်းဘောင်ခေတ်နှောင်း မြန်မာပြဇာတ်များတွင် တစ်မူထူးခြား ထင်ရှားနေရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

## နိဂုံး

ဤသုတေသနစာတမ်းတွင် စာဆိုစလေဦးပုည၏ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်ကို သာဓကများဖြင့် လေ့လာထုတ်ဖော် သုံးသပ်တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ပြဇာတ်၏ ဝေါဟာရ၊ ရှေးခေတ်မြန်မာပြဇာတ်များ၏ ယေဘုယျလက္ခဏာများနှင့် အာလုပ်စကားဟူသည်ကိုရှေးဦးစွာရှင်းလင်းတင်ပြပါသည်။ ထို့နောက် စာဆိုစလေဦးပုည၏ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်ကို စိတ်ဖြာလေ့လာသုံးသပ်ထားပါသည်။

အာလုပ်စကားများသည် ရှေးခေတ်မြန်မာပြဇာတ်တို့တွင် အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်လေရာ စာဆိုစလေဦးပုညသည် ဇာတ်လမ်းနှင့် ဇာတ်ဆောင်စရိုက်များကို ဖော်ကျူးရာတွင် မူရင်းဇာတ်လမ်းနှင့် ကိုယ်ပိုင်စိတ်ကူးပေါင်းစပ်ကာ အာလုပ်စကားများကို အမွှမ်းတင်၍ အစွမ်းပြရေးသားခဲ့ပေသည်။ဤသုတေသနစာတမ်းဖြင့် စာဆိုစလေဦးပုည၏ ဝိဇယပြဇာတ်မှ အာလုပ်စကားများ၏စွမ်းရည်ကိုထုတ်ဖော်ဂုဏ်ပြုနိုင်သည့်အပြင်ရှေးခေတ်မြန်မာပြဇာတ်စာပေရှိ

---

[၁] –ယင်း–။

အာလုပ်စကားများကို ချဉ်းကပ်လေ့လာလိုသူများအတွက်လည်း အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ယူဆမိပါသည်။ ။

## ကျမ်းကိုးစာရင်း


စာပေဗိမာန်အဖွဲ့။(၁၉၇၁)။ *ပြဇာတ်နှင့် ပြဇာတ်စာပေစာတမ်း* ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။
တင်ထွေး။(၁၉၉၁)။ *ဦးပုည၏ စာပန်းကုံးများ* ၊ ပထမတွဲ ။ ရန်ကုန်၊ ကြေးမုံသတင်းစာတိုက်နှင့် ဂါဒီယန်သတင်းစာတိုက်။
ပုည၊ ဦး(စလေ-)။(၁၉၇၁)။ *ဝိဇယပြဇာတ်* ။ စတုတ္ထ၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်။
ဘရင်၊ ဦး။(၁၉၅၀)။ *ဝိဇယပြဇာတ်နှင့် အဖြေ* ။ ဒုတိယ၊ ရန်ကုန်၊ စကြဝဠာစာပုံနှိပ်တိုက်။
မြန်မာစာအဖွဲ့။(၂၀၀၈)။ *မြန်မာအဘိဓာန်* ။ ဒုတိယ၊ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။
မြန်မာစာအဖွဲ့။(၁၉၇၉)။ *မြန်မာအဘိဓာန်အကျဉ်းချုပ်* ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။
သုခ၊ ဦး။(၁၉၉၇)။ *သုခမှတ်စု* ။ ဆဋ္ဌမ၊ ရန်ကုန်၊ ပါရမီစာပေတိုက။

သုတ၊ မောင်။ (၂၀၀၂)။ *စာဆိုတော်များအတ္ထုပ္ပတ္တိ*။ ပဥ္စမ၊ ရန်ကုန်၊ ရာပြည့်စာပေတိုက်။

ဟုတ်စိန်၊ ဦး။(၁၉၉၉)။ *ပဒတ္ထမဉ္ဇူသာ ပါဠိ-မြန်မာအဘိဓာန်* ။ ဒုတိယ၊ ရန်ကုန်၊ ချမ်းသာရောင်စုံပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။(၂၀၂၀)။ *ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ* ။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။


## ဖတ်ရှုလေ့လာသော စာအုပ်များ


နု၊ ဦး(သဘင်ဝန်-)။(၁၉၆၇)။ *မြန်မာ့သဘင်လောက* ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။
မလိခ။(၂၀၁၅)။ *ပြဇာတ်အညွှန်း* ။ ဒုတိယ၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။
မောင်မောင်တင်၊ ဦး(မဟာဝိဇ္ဇာ)။(၂၀၀၂)။ *မြန်မာ့ပြဇာတ်စာပေသမိုင်း* ။ ရန်ကုန်၊ ငွေပြည်တော်အော့ဖ်ဆက်ပုံနှိပ်တိုက်။
သော်ဇင်၊ ဦး။(၁၉၈၁)။ *ပြဇာတ်ကထာ* ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။
သောင်းရွှေညို။(၁၉၈၉)။ *ဇာတ်ဆရာကြီးဦးကြင်ဥနှင့် သူ၏ ပြဇာတ်များ* ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။
သိန်း၊ ဆရာ(မှော်ဘီ-)။(၁၉၆၅)။ *မြန်မာဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်စာအုပ်များ* ။ ရန်ကုန်၊ လုပ်အားပုံနှိပ်တိုက်။